# နိုင်ငံတော်ဆိုင်ရာ
# လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး
# မဟာဗျူဟာ

## မဟာဗျူဟာအကြောင်း

၂၀၁၁ ခုနှစ်၌ ဩစတြေးလျားနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဆိုင်ရာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး မဟာဗျူဟာတစ်ရပ်ကို ဖော်ထုတ်စီစဉ်ရန် တာဝန်ခံယူခဲ့သည်။

နိုင်ငံတော်ဆိုင်ရာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး မဟာဗျူဟာ၏ ရည်မှန်းချက်မှာ၊

> လူမျိုးကြီးဝါဒမှာ အဘယ်နည်း၊ ၎င်းအား မည်ကဲ့သို့ တားဆီး၍ မည်ကဲ့သို့ ယုတ်လျော့လာစေနိုင်သည်တို့ကို ရှင်းလင်းပြတ်သားစွာနားလည်ရေးကို ဩစတြေးလျားနိုင်ငံ လူမှုအသိုင်းအဝိုင်းအတွင်း၌ အားပေးမြှင့်တင်ရန်ဖြစ်သည်။

မဟာဗျူဟာ၏ ရည်မှန်းချက်များမှာ၊

- လူမျိုးကြီးဝါဒအကြောင်းနှင့် ၎င်းသည် လူတစ်ဦးချင်းနှင့် ထွေပြားကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းအား မည်သို့ထိခိုက်စေကြောင်းတို့၏ သိနားလည်မှုကို ဖန်တီးပေးရန်၊
- လူမျိုးကြီးဝါဒအား တားဆီး၍ လျော့ကျစေမည့် ကောင်းမွန်သော လက်ဦးကြိုးဆမှုများကို ဖော်ထုတ်ကာ၊ အားပေးမြှင့်တင်၍ ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်ရန်၊
- လူမှုအသိုင်းအဝိုင်းများနှင့် လူတစ်ဦးချင်းတို့မှ လူမျိုးကြီးဝါဒ တားဆီးမှုနှင့် လျော့ကျစေမှုတို့ကို အရေးယူဆောင်ရွက်နိုင်ကြရေးနှင့် လူမျိုးကြီးဝါဒ ပေါ်ပေါက်လာသည့်အခါတွင်လည်း  အကူအညီတောင်းခံရယူနိုင်ကြရေးတို့ဖြင့်စပ်ဆိုင်ရာ လုပ်ပိုင်ခွင့်စွမ်းအားကို ၎င်းတို့အား ပေးအပ်ရန်တို့ဖြစ်ကြသည်။

ဤမဟာဗျူဟာကို ဩစတြေးလျားနိုင်ငံတော် လူမှုအခွင့်အရေးများ ကော်မရှင်ရှိ လူမျိုးရေးခွဲခြားမှုမင်းကြီး ဦးဆောင်သော အစုစပ်အဖွဲ့အစည်းကြီးမှ ဖော်ထုတ်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအစုစပ်အဖွဲ့အစည်းကြီး၏အခြားအဖွဲ့ဝင်များမှာ၊ လူဝင်မှုနှင့် နိုင်ငံသားဖြစ်ရေးဌာန၊ ရှေ့နေချုပ်ဌာန၊ မိသားစုများ၊

အိမ်ရာ၊ လူမှုအသိုင်းအဝိုင်းဝန်ဆောင်မှုများနှင့် ရှေးဦးတိုင်းရင်းသားများရေးရာဌာန၊ ဩစတြေးလျား ယဉ်ကျေးမှုပေါင်းစုံကောင်စီ၊ ဩစတြေးလျားနိုင်ငံတော်၏ မူလပထမလူများ အမျိုးသားညီလာခံအဖွဲ့ချုပ်နှင့်  ဩစတြေးလျားနိုင်ငံတော် လူမျိုးစုလူမှုအသိုင်းအဝိုင်းများကောင်စီ အဖွဲ့ချုပ်တို့ဖြစ်ကြသည်။

ဤမဟာဗျူဟာကို ဇူလိုင်လ ၂၀၁၂ ခုနှစ်နှင့် ဇွန်လ ၂၀၁၅ ခုနှစ် အကြားတွင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ၎င်းသည် ပြည်သူလူထုမှ သိနားလည်ရေး၊ ပညာပေးအရင်းအမြစ်များနှင့် လူငယ်များမှ စိတ်ပါဝင်စားစေရေးတို့အပေါ် အာရုံစိုက် ဆုံချက်ထားမည်ဖြစ်သည်။

## လူမျိုးကြီးဝါဒဆိုသည်မှာ အဘယ်နည်း?

လူမျိုးကြီးဝါဒသည် နှင့်နာစေသော ပြောင်နောက်ခြင်းများ၊ သို့မဟုတ် ထင်မြင်ချက်ပေးခြင်းများလည်းကောင်း၊ သမုတ်ခြင်း၊ သို့မဟုတ် နှုတ်ဖြင့် စော်ကားခြင်းလည်းကောင်း၊ အချို့သောအုပ်စုများအပေါ် ရန်လိုမှုတိုးပွားလာစေသည့် ပြန်ကြားဆက်သွယ်ရေးမှတဆင့်၊ သို့မဟုတ် အင်တာနက်မှတဆင့် အဖျက်အမှောင့်နှောက်ယှက်ခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ရှင်းလင်းချက်ထုတ်ပြန်ခြင်းလည်းကောင်း၊ ၎င်းတို့ကဲ့သို့ အသွင်ပုံစံအမျိုးမျိုးဆောင်နိုင်သည်။ အပြင်းထန်ဆုံးသော ဖြစ်ရပ်မျိုး၌ လူမျိုးကြီးဝါဒသည် ကိုယ်ထိလက်ရောက် စော်ကားခြင်းနှင့် အကြမ်းဖက်ခြင်းလုပ်ရပ်တို့၏ ရလဒ်ရရှိစေနိုင်သည်။

လူမျိုးကြီးဝါဒသည် လူများအား ဝန်ဆောင်မှုများအား ရယူအသုံးပြုခွင့်ရှိမှု၊ သို့မဟုတ် အလုပ်အကိုင်၊ ပညာရေး၊ အားကစားနှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတို့မှ ဖယ်ကြဉ်နိုင်သည်။ ၎င်းသည် အချို့သောလူအုပ်စုများအတွက် အခွင့်မသာစေသည့် မူဝါဒများ သို့မဟုတ် လုပ်ထုံးများကြောင့် အဖွဲ့အစည်းအဆင့်အနေအထား၌လည်း ပေါ်ပေါက်နိုင်သည်။

လူမျိုးကြီးဝါဒသည် မျိုးကွဲလူမျိုးများအတွက် အခွင့်အလမ်းများ၊ အရင်းအမြစ်များ သို့မဟုတ် တတ်စွမ်းအား ရယူအသုံးပြုခွင့် ညီမျှမှုမရှိခြင်းတို့သို့ ဦးဆောင်သည်။ သီးသန့်လူမျိုးတစ်စုသည် အခြားသူများနှင့် နှိုင်းစာလျှင် သိမ်ငယ်သည် သို့မဟုတ် သာလွန်သည်ဟူသော ယုံကြည်ချက်ကို တစ်ခါတစ်ရံအသုံးပြု၍ ဤတရားမျှတမှု မရှိခြင်းကို ကာကွယ်ကြသည်။

## ဩစတြေးလျားတွင် လူမျိုးကြီးဝါဒကို မည်သူမှ တွေ့ကြုံရသနည်း ?

သမုတ်ခြင်းနှင့် စော်ကားခြင်းတို့ကဲ့သို့သော လူမျိုးကြီးဝါဒီ အပြုအမူသည် မည်သည့်လူမျိုးအုပ်စုအကြား၌မဆို ပေါ်ပေါက်နိုင်သည်။ သို့သော်လည်း ဩစတြေးလျားနိုင်ငံရှိ အချို့သောသူများ၊ အထူးသဖြင့် အဘော်ရီဂျစ်နယ်လ် လူမျိုးများ၊ တောရဲ့စ် ရေလက်ကြားကျွန်း လူမျိုးများ၊ လူမျိုးနှင့် ယဉ်ကျေးမှုပိုင်းတို့အရ လူနည်းစုများတို့ထံတွင် လူမျိုးကြီးဝါဒနှင့် ခွဲခြားနှိမ်ချခြင်းတို့၏ဒဏ်ခံရမှု အားနွဲ့ချက်ရှိသည်။ အချို့သော ဘာသာရေးအုပ်စုအဖွဲ့ဝင်များသည်လည်း ၎င်းတို့၏ လူမျိုး သို့မဟုတ် ယဉ်ကျေးမှုများကြောင့် ခွဲခြားနှိမ်ချခံကြရသည်။

## လူမှုအသိုင်းအဝိုင်းအား နားထောင်ခြင်း

ကျွန်ုပ်တို့သည် ဩစတြေးလျားနိုင်ငံတစ်လွှား မတ်လနှင့် မေလ ၂၀၁၂ ခုနှစ်အကြား လူထုနှင့် ဆွေးနွေးပြောဆိုခဲ့သည်။

- လူ ၇၀၀ နီးပါး ဆွေးနွေးပွဲ ၂၃ ပွဲကို တက်ရောက်ခဲ့ကြသည်။
- ကျွန်ုပ်တို့မှ အီလက်ထရွန်နစ် ဆန်းစစ်လွှာ ၁၅၀၀ ကျော်နှင့် အဆိုပြုလွှာ ၂၀၀ ကျော်ကို လက်ခံရရှိခဲ့သည်။

ကျွန်ုပ်တို့လက်ခံရရှိသော ခိုင်မာသည့်အာဘော်သည် လူမျိုးကြီးဝါဒကိုဆန့်ကျင်၍ အရေးယူရန်မှာ အလွန်အရေးကြီးကြောင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့မှ ဦးစားပေးဆောင်ရွက်သင့်ရာ အပိုင်းကဏ္ဍများနှင့်ပတ်သက်၍ ယေဘုယျအားဖြင့်လည်း သဘောတူညီမှုရှိကြသည်။ ၎င်းတွင်ပါဝင်သည်တို့မှာ၊

- အလုပ်ခွင်များ
- သတင်းလောက
- ကျောင်းများနှင့် အဆင့်မြင့်ပညာရေးလောက
- အစိုးရဝန်ဆောင်မှုများ
- အင်တာနက်လောကနှင့်
- အားကစားလောကတို့ဖြစ်ကြသည်။

## လူမျိုးကြီးဝါဒ - ၎င်း၏ ရပ်တန့်ရေးမှာ ကျွန်ုပ်တို့၏ တာဝန်

ဤမဟာဗျူဟာမှ ဩစတြေးလျားလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်အားလုံးအား လူမျိုးကြီးဝါဒ ဇာတ်သိမ်းရေးဆီသို့ ပူးပေါင်းဆောင်ရွက်ကြရန် ပန်ကြားပါသည်။ ကျွန်ုပ်တို့မှ တစ်ဦးချင်းရော အုပ်စုလိုက်ရော အရေးယူဆောင်ရွက်မှုများကြောင့် လူမျိုးကြီးဝါဒ ရပ်တန့်မည်။

## ကျွန်ုပ်တို့ ဘာလုပ်ပေးကြမည်

*လူမျိုးကြီးဝါဒနှင့်၊ လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းတို့အပေါ် ၎င်း၏အကျိုးသက်ရောက်မှုတို့၏ သိနားလည်မှုကို ဖန်တီးပေးမည်။*

- လူမျိုးကြီးဝါဒအကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အနေနှင့် ဘာလုပ်နိုင်သည့် သိနားလည်မှုတို့ကို ဖန်တီးပေးရန် ပြည်သူလူထုအား စည်းရုံးလှုံ့ဆော်ပေးမည်။
- မဟာဗျူဟာနှင့် ၎င်း၏လှုပ်ရှားမှုများကို အားပေးမြှင့်တင်မည့် ခေါင်းဆောင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးမည်။
- လူမျိုးကြီးဝါဒ၏ ရိုက်ခတ်မှုများ၏ သိနားလည်ခြင်းကို တိုးမြှင့်ရေးအတွက် လူမျိုးကြီးဝါဒအား သုတေသနပြုရန် အားပေးမြှင့်တင်ပေးမည်။

*လူမျိုးကြီးဝါဒကို တားဆီးရန် ဥပမာကောင်းများကို အခြေခံ၍ ဆက်လက်ပြုစုပျိုးထောင်ပေးမည်။*

- လူမျိုးနှင့် ယဉ်ကျေးမှုပေါင်းစုံ ဩစတြေးလျားနိုင်ငံသားများအပေါ် လေးစားမှုနှင့် သာတူညီမျှမှုရှိခြင်းကို အားပေးမြှင့်တင်မည့် မူဝါဒများနှင့် ဥပဒေများကို ထောက်ခံအားပေးမည်။
- လူငယ်များအပေါ် အာရုံစိုက်သော ပညာပေးအရင်းအမြစ်များ၏ ဝက်ဘ်ဆိုက် ကောင်းကောင်းတစ်ခုကို ဖန်တီးပေးမည်။
- လူမျိုးကြီးဝါဒကို ကိုင်တွယ်ဖြေရှင်းပေးမည့် ကောင်းမွန်သော လက်ဦးကြံဆမှုများကို ထောက်ခံအားပေးရန် ဦးစားပေးဆောင်ရွက်ရမည့် အပိုင်းကဏ္ဍများ၌ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။
- နိုင်ငံတော်၊ ပြည်နယ်နှင့် ဒေသန္တရအဆင့်များ၌ရှိသော ကောင်းမြတ်သည့် လက်ဦးကြံဆမှုများကို ထောက်ခံအားပေးရန် အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အဆင့်များအားလုံးနှင့် အစုစပ်ခြင်းများကို ထူထောင်မည်။

*လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများမှ လူမျိုးကြီးဝါဒနှင့်ပတ်သက်သည့် အကြောင်းအချက်များနှင့် အရင်းအမြစ်များအား ရယူအသုံးပြုခွင့်ကို စီစဉ်ပေးမည်။ သို့မှသာ ၎င်းတို့မှ လူမျိုးကြီးဝါဒနှင့် ကြုံကြိုက်လာသည့်အခါ ဘာလုပ်ရမည်ကိုသိသည်ဟု မိမိတို့ထံ၌ ယုံကြည်စိတ်ချမှု အပြည့်အဝရှိမည်ဖြစ်သည်။*

- အဖွဲ့အစည်းများနှင့် စနစ်များအတွင်းရှိနေသည့် လူမျိုးကြီးဝါဒကို တုံ့ပြန်ရန်အတွက် လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများအား ထောက်ခံအားဖြည့်ပေးမည့် အရင်းအမြစ်များကို အားပေးမြှင့်တင်ပေးမည်။
- လူမျိုးကြီးဝါဒ၏ ဘေးရန်မကင်းသော လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများအား တရားဥပဒေအရ ကာကွယ်ပေးမှုများကို မည်သို့ ရယူအသုံးပြုရမည့် အကြောင်းအချက်များကို စီစဉ်တင်ပြပေးမည်။

## မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်း

နိုင်ငံတော်ဆိုင်ရာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး မဟာဗျူဟာကို သုံးနှစ်တာအတွင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်မည်။

**ဇူလိုင်လ ၂၀၁၂ မှစတင်၍၊** ကျွန်ုပ်တို့သည် ပြည်သူလူထုမှ လူမျိုးကြီးဝါဒအား သိနားလည်ရေးကို  စည်းရုံးလှုံ့ဆော်ပေးမည်။ လူမှုအသိုင်းအဝိုင်းအကြား လူမျိုးကြီးဝါဒအကြောင်း သိနားလည်မှုကိုထူထောင်ပေးခြင်းနှင့် ၎င်းဝါဒကြောင့် စီးပွားရေးနှင့် လူမှုရေးပိုင်းဆိုင်ရာ နစ်နာဆုံးရှုံးမှုများအား သုတေသနပြုရန် အားပေးမြှင့်တင်ခြင်းတို့ကို ကျွန်ုပ်တို့မှ အာရုံစိုက်မည်။ လူမျိုးကြီးဝါဒ လျော့ကျစေပြီး လေးစားမှုနှင့် သာတူညီမျှမှုရှိခြင်းကို အားပေးမြှင့်တင်ရန် ကြိုးပမ်းပေးနေသည့် လက်ရှိ လက်ဦးကြံဆမှုများအား ကျွန်ုပ်တို့မှ မည်သို့ ထောက်ခံအားပေးနိုင်မည်ကို ကျွန်ုပ်တို့ ကြည့်ရှုစစ်ဆေးမည်။

**ဇူလိုင်လ ၂၀၁၃ မှစတင်၍၊** ကျွန်ုပ်တို့သည် လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး ပညာပေးအရင်းအမြစ်များ၏ ဝက်ဘ်ဆိုက် တစ်ခုကို ဖန်တီးပေးမည်ဖြစ်ပြီး၊ လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများမှ လူမျိုးကြီးဝါဒကို ဆန့်ကျင်အရေးယူဆောင်ရွက်နိုင်ကြရန် ကူညီထောက်ပံ့ပေးမည့် အရင်းအမြစ်ကောင်းကောင်းများကို စတင်စုဆောင်းမည်။ အဖွဲ့အစည်းများနှင့် စနစ်များအတွင်းရှိနေသည့် လူမျိုးကြီးဝါဒကို လျော့ကျစေရာ ကိုင်တွယ်ဖြေရှင်းနည်းလမ်းကောင်းများကို ဖော်ထုတ်ရန် ကျွန်ုပ်တို့၏ ဦးစားပေးဆောင်ရွက်ရမည့် အပိုင်းကဏ္ဍများရှိ အခြားအဖွဲ့အစည်းများနှင့်အတူ စတင်ပူးပေါင်းဆောင်ရွက်မည်။

**ဇူလိုင်လ ၂၀၁၄ မှစတင်၍၊** ကျွန်ုပ်တို့ စုဆောင်းထားခဲ့ပြီး ဖွံ့ဖြိုးစေခဲ့သော အရင်းအမြစ်များကို အသုံးပြုကာ၊ လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းများမှ လူမျိုးကြီးဝါဒကို တုံ့ပြန်အရေးယူနိုင်ကြရန် ကျွန်ုပ်တို့၏ အစုစပ်ဝင်များနှင့်အတူပူးပေါင်း၍ ကူညီပေးမည်။

သုံးနှစ်တာ ကုန်ဆုံးသည့်အခါ  နိုင်ငံတော်ဆိုင်ရာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး မဟာဗျူဟာကို ချင့်ချိန်အကဲဖြတ်မည်။

## ပါဝင်ပတ်သက်ကြပါ


နိုင်ငံတော်ဆိုင်ရာ လူမျိုးကြီးဝါဒ ဆန့်ကျင်ရေး မဟာဗျူဟာ အထွေအထွေအတွင်းရေးမှူးဌာန

ဖုန်း။ ၀၂ ၉၂၈၄ ၉၆၀၀ သို့မဟုတ် ၁၈၀၀ ၆၂၀ ၂၄၁ (ကြေးနန်းပုံနှိပ်စက်)
အီးမေးလ်။ antiracismsecretariat@humanrights.gov.au
ဝက်ဘ်။ www.humanrights.gov.au/antiracism
လိပ်စာ။ စာတိုက်ကြီးသေတ္တာအမှတ် ၅၂၁၈
ဆစ်ဒ်နီ၊ နယူးဆောက်သ်ဝေးလ်စ် ၂၀၀၁


သြစတြေးလျားနိုင်ငံတော် လူမှုအခွင့်အရေးများ ကော်မရှင်သည် လူမျိုးရေးအရ ခွဲခြားဆက်ဆံခံခဲ့ကြရသူများ၏ တိုင်ကြားချက်များကို ဖြေရှင်းပေးသည်။

ခွဲခြားဆက်ဆံမှုနှင့် သင်၏ ရပိုင်ခွင့်များနှင့်စပ်ဆိုင်ရာ အခမဲ့အကြံဉာဏ်ကို ရယူရန်၊ သို့မဟုတ် တိုင်ကြားချက်တစ်ခုခုကို တင်ပြရန်၊ ကော်မရှင်၏ တိုင်ကြားရေး အကြောင်းအချက်ဖုန်းလိုင်း ၀၂ ၉၂၈၄ ၉၈၈၈၊ ၁၃၀၀ ၆၅၆ ၄၁၉ (အရပ်ဒေသအတွင်းခေါ်ခ) သို့မဟုတ် ၁၈၀၀ ၆၂၀ ၂၄၁ (ကြေးနန်းပုံနှိပ်စက်) သို့ ဖုန်းဆက်ပါ။

တိုင်ကြားချက်တစ်ခုခုကို တင်ပြရန်၊ သို့မဟုတ် တုံ့ပြန်ရန်နှင့် ပတ်သက်သည့် အကြောင်းအချက်များအတွက် www.humanrights.gov.au ၌ကြည့်ပါ။ သင်သည် ကော်မရှင်သို့ complaintsinfo@humanrights.gov.au လိပ်တပ်၍ အီးမေးလ် ကိုလည်း ပို့နိုင်ပါသည်။